AAPP
Assistance Association for Political Prisoners
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

ဧပြီ (၂၅) ရက်၊ ၂၀၂၃



Photo/Citizen Journalist via Radio Free Asia

# စစ်အုပ်စု၏ ချိပ်ပိတ်သိမ်းဆည်းခြင်းများ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်နေ့ အထိ စစ်အုပ်စုသည် မြန်မာနိုင်ငံအနှံ့က ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူများကို ပစ်မှတ်ထား၍ ၎င်းတို့၏ နေအိမ်၊ အဆောက်အဦနှင့် အကြီးစားပစ္စည်းစသည့် ပိုင်ဆိုင်မှုပေါင်း အနည်းဆုံး (၇၅၁) ခုကို ချိပ်ပိတ်သိမ်းဆည်းခဲ့ပြီးဖြစ်သည်။ အဆိုပါ ချိပ်ပိတ်သိမ်းဆည်းမှုများသည် ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူနှင့် အရပ်သား (၆၃၆) ဦး၏ ပိုင်ဆိုင်မှုများဖြစ်သည်။ ၎င်း (၆၃၆) ဦးအနက် အနည်းဆုံး လူ (၃၀၀) မှာ လွှတ်တော်အမတ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့်/သို့မဟုတ် အမျိုးသားဒီမိုကရေစီအဖွဲ့အချုပ်ကို ထောက်ခံသူများပါဝင်သည်။ ထိုသိမ်းဆည်းမှု (၆၃၆) ခုတွင် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ကို ထောက်ပံ့သည်ဟူ၍လည်းကောင်း၊ ပြည်သူ့ကာကွယ်ရေးတပ်မတော်နှင့် ဆက်နွယ်သည်ဟူ၍လည်းကောင်း စွပ်စွဲကာ စစ်အုပ်စုက ချိပ်ပိတ်သိမ်းဆည်းမှု (၁၁၀) ခု လုပ်ခဲ့သည်ကို အေအေပီပီက မှတ်တမ်း ကောက်ယူထားခဲ့သည်။ အေအေပီပီက စုဆောင်းကောက်ယူထားသည့် စာရင်းများအရ ချိပ်ပိတ်သိမ်းဆည်းမှုများသည် ဒီမိုကရေစီအရေးလှုပ်ရှားမှုကို ထောက်ခံအားပေးမှုကြောင့် ပစ္စည်းဥစ္စာပိုင်ဆိုင်သူကို စစ်အုပ်စုက ဖမ်းဆီးရန်ရည်ရွယ်ခြင်း သို့မဟုတ် လက်တွေ့အမှန်တကယ်ဖမ်းဆီးခြင်းတို့နှင့် စပ်လျဉ်း၍ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း တွေ့ရှိရသည်။ "ကျမရဲ့ ပစ္စည်းဥစ္စာတွေ သိမ်းဆည်းခံရတယ်ဆိုရင်တောင် ကျမက ကိုယ့်ရဲ့ယုံကြည်မှုနဲ့ ရပ်တည်ချက်ကြောင့် ဒီလမ်းကိုလျှောက်ခဲ့တာဖြစ်လို့ နောင်တရတာ မရှိပါဘူး" ဟု ဒီမိုကရေစီအရေးလှုပ်ရှားမှုကို ထောက်ခံအားပေးမှုကြောင့် ပစ်မှတ်ထားခံခဲ့ရသည့် ပစ္စည်းဥစ္စာပိုင်ဆိုင်သူတစ်ဦးက အေအေပီပီကို ပြောကြားခဲ့သည်။

**၇၅၁**
သိမ်းဆည်းခံရသည့် ရွှေ့ပြောင်းမရနိုင်သော ပိုင်ဆိုင်မှု အရေအတွက်

**၆၃၆**
ရွှေ့ပြောင်းမရနိုင်သည့် ပိုင်ဆိုင်မှု သိမ်းဆည်းခံရသည့် ပုဂ္ဂိုလ် အရေအတွက်


**၄၇%**
ပိုင်ဆိုင်မှု သိမ်းဆည်းခံရသည့် NLD နှင့်ဆက်စပ်ပုဂ္ဂိုလ်ရာခိုင်နှုန်း

ဤထုတ်ပြန်ချက်ပါ အချက်အလက်ကိန်းဂဏန်းများမှာ ဖေဖော်ဝါရီ ၁ ရက် ၂၀၂၁ ခုနှစ်မှ မတ်လ ၃၁ ရက် ၂၀၂၃ ခုနှစ်အထိ AAPP မှ စုဆောင်းမှတ်တမ်းတင်ထားသည့် အချက်အလက်များကို အခြေခံထားခြင်းဖြစ်သည်။ လက်တွေ့မြေပြင်တွင်ဖြစ်ပွားနေသည့်ကိန်းဂဏန်းမှာ ယခုထက်ပိုမိုများပြားနိုင်ပါသည်။ အေအေပီပီ၏ အချက်အလက်ကောက်ယူခြင်းနှင့် အတည်ပြုခြင်း လုပ်ငန်းစဉ်အသေးစိတ်ကို Towards Accountability: The Urgent Need for Renewed International Attention to Sit-Tat's Crimes Against Humanity in Burma, စာမျက်နှာ ၁၁-၁၂ (၂၀၂၃) အစီရင်ခံစာတွင်ဖတ်ရှုနိုင်ပါသည်။

# တိုင်းပြည်နယ်အလိုက် သိမ်းဆည်းမှုများ

## ဖေဖော်ဝါရီ ၁၊ ၂၀၂၁ – မတ် ၃၁၊ ၂၀၂၃

စစ်အုပ်စုသည် ၎င်း၏မအောင်မြင်သော အာဏာသိမ်းမှု ကြိုးပမ်းချိန်မှစတင်၍ နိုင်ငံအနှံ့အပြားတွင် ပိုင်ဆိုင်မှုပေါင်း (၇၅၁) ခုကို ချိပ်ပိတ်သိမ်းဆည်းခဲ့သည်ကို အေအေပီပီအနေဖြင့် စုဆောင်းမှတ်တမ်းတင်ခဲ့ပြီးဖြစ်သည်။ အာဏာသိမ်းချိန်မှစ၍ ၂၀၂၃ ခုနှစ်မတ်လ ၃၁ ရက်နေ့အထိအေအေပီပီက စုဆောင်းကောက်ယူထားသည့် စာရင်းများအရစစ်အုပ်စု၏ ချိပ်ပိတ်သိမ်းဆည်းမှု အများဆုံးခံစားရသည့် ဒေသမှာ စစ်ကိုင်းတိုင်း (ပိုင်ဆိုင်မှုပေါင်း ၁၅၉ခု ချိပ်ပိတ်သိမ်းဆည်းခံရ) ဖြစ်၍၎င်းနောက် ရန်ကုန်တိုင်း (ပိုင်ဆိုင်မှုပေါင်း ၁၂၄ ခု) နှင့် မန္တလေးတိုင်း (ပိုင်ဆိုင်မှုပေါင်း ၉၁ခု) တို့မှာ ချိပ်ပိတ်သိမ်းဆည်းမှု အများဆုံးခံစားရသည့် ဒေသများဖြစ်သည်။ အောက်တွင် အေအေပီပီ က ချိပ်ပိတ်သိမ်းဆည်းခံရမှု အရေအတွက်အပါအဝင် ချိပ်ပိတ်သိမ်းဆည်းခံရသည့် ပိုင်ဆိုင်မှုများနှင့် ပစ္စည်းဥစ္စာပိုင်ရှင်များကိုရွေးထုတ်ဖော်ပြထားသည်။




စစ်ကိုင်းတိုင်း၊ ကောလင်းခရိုင်၊ ကောလင်းမြို့၊စက်ရုံလယ်ပြင်ရပ်ကွက်၊ ကောလင်း-ကိုးတောင်ဘိုကားလမ်းဘေး၌ရှိသည့် နေအိမ်၏ ပိုင်ရှင်ဖြစ်သော ဦးအောင်ငွေ (ခ) ဖိုးသေးနှင့်ဒေါ်ကြာတို့သည် PDF များကို ထောက်ပံ့သည်ဟုဆိုကာ ထိုနေအိမ်ကိုကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၊ ရဲဝန်ထမ်းများနှင့် စစ်သားများက ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ၁၅ ရက်နေ့ မွန်းလွဲ ၃ နာရီအချိန်တွင်ချိပ်ပိတ်သိမ်းဆည်းခဲ့ပြီး ငွေသား ကျပ်သိန်း၃၀ ကျပ်၊ ဆိုင်ကယ်လေးစီးနှင့် ကားတစ်စီးတို့ကို ချိပ်ပိတ် သိမ်းဆည်းခဲ့သည်။ ထို့အပြင် အိမ်ရှိရေခဲသေတ္တာ၊ပန်ကာနှင့် တန်ဖိုးကြီးပစ္စည်းတချို့ကို ယူဆောင်သွားပြီး အိမ်ပိုင်ရှင် ဦးအောင်ငွေ (ခ) ဖိုးသေးနှင့်ဒေါ်ကြာအပါအဝင် ထိုနေအိမ်ချိပ်ပိတ်နေစဉ်ရောက်ရှိနေသည့် ဒေါ်ကြာ၏ ဆွေမျိုးများဖြစ်သော မေဇင်ဦးနှင့်ထွန်းဝင်းတို့ကိုလည်း ဖမ်းဆီးခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးသံဃသမဂ္ဂအဖွဲ့ဝင် ဆရာတော် အရှင်ကလျာဏ၏ တေဇာလင်္ကာရကျောင်းကိုအကြမ်းဖက်စစ်အုပ်စု၏တပ်နှင့် မဘသ ဆရာတော်များ ပူးပေါင်းပြီး ချိပ်ပိတ်သိမ်းဆည်းခဲ့သည်။ အဆိုပါ တေဇာလင်္ကာရကျောင်းတွင် ခေတ္တလာရောက် နေထိုင်သွားသော သံဃသမဂ္ဂဆရာတော် တစ်ပါးကို ရှာမတွေ့၍ဟုဆိုကာ ချိပ်ပိတ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် တေဇာလင်္ကာရကျောင်းရှိ အလှူရှင်များ လှူဒါန်းထားသော ပစ္စည်းများနှင့် ငွေကြေးများကိုလည်း သိမ်းဆည်းသွားခဲ့သည်။

၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက်နေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ်၊ကော့ကရိတ်မြို့နယ်၌ ကရင်ပြည်နယ်အရပ်ဖက်အဖွဲ့အစည်း-KSCN (ကော့ကရိတ်တာဝန်ခံ) နော်တကောထူး၏ နေအိမ်ကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG)။ ပြည်သူ့ကာကွယ် ရေးတပ်ဖွဲ့ (PDF) များနှင့်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (EROs) များကိုအကူအညီ အထောက်ပံ့ပေးသည်ဟူသည့် စွပ်စွဲချက်ဖြင့် အာဏာသိမ်း အကြမ်းဖက်စစ်အုပ်စု၏ လက်အောက်ခံ ရဲနှင့်တပ်များက ချိတ်ပိတ်သိမ်းဆည်းခဲ့ကြောင်း သိရှိရသည်။

မင်းလှမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်သူ ဒေါက်တာ ရဲထွန်းဇော်၏ ဆေးခန်းကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် အကြမ်းဖက်စစ်အုပ်စု၏တပ်က ချိပ်ပိတ်သိမ်းဆည်းခဲ့သည်။ ထိုနေ့တစ်ရက်ထဲတွင် PDF များနှင့် ပတ်သက်မှုရှိနေသည်ဟုဆိုကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမင်းဦး၏ အိမ်ကိုလည်း ချိပ်ပိတ်သိမ်းဆည်းခံခဲ့ရသည်။

စစ်အာဏာရှင် ဆန့်ကျင်ရေး ဦးဆောင်လှုပ်ရှားမှုကြောင့် ဝရမ်းထုတ်ခံထားရသူ ဦးကျော်နန္ဒ၏ ပုသိမ်မြို့၊ ဇေယျဝတီရပ်ကွက်ရှိ ပညာပါရမီ အခမဲ့ကျောင်းကို အကြမ်းဖက်စစ်အုပ်စု၏တပ်နှင့်ရဲများက ၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ၁၀ရက်နေ့တွင်ချိပ်ပိတ်သိမ်းဆည်းခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပဲခူးတိုင်း၊ တောင်ငူမြို့နယ်၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခ၏ ယောက္ခမများဖြစ်သူ ဒေါ်ခင်ဝင်းနှင့် ဦးကျော်ညွန့် ပိုင်ဆိုင်သည့် နေအိမ်နှစ်လုံးနှင့် အထည်ဆိုင်တို့ကို အကြမ်းဖက်စစ်အုပ်စု၏ တပ်နှင့် ရဲများက ချိတ်ပိတ်ခဲ့ကြောင်း သိရှိရသည်။ ဒေါ်ခင်ဝင်းသည် နေအိမ် ချိပ်ပိတ်ခံရသည့် အတွက် နေစရာမရှိတော့ဘဲ ကျန်းမာရေးထိခိုက်လာသဖြင့်ဆေးရုံတက်ခဲ့ရပြီးဆေးရုံပေါ်မှာတင်အသက်ဆုံးရှုံးခဲ့ရသည်။

# သိမ်းဆည်းခံရသည့် အမျိုးအစား

အောက်ဖော်ပြပါဇယားတွင် စစ်အုပ်စုက ချိပ်ပိတ်သိမ်းဆည်းခဲ့သော ရွှေ့ပြောင်းမရနိုင်သည့် ပိုင်ဆိုင်မှုပေါင်း (၇၅၁) ခု၏ ယေဘုယျအမျိုးအစားများကို ဖော်ပြထားပါသည်။ အဓိကအားဖြင့် စစ်အုပ်စုအနေဖြင့် ပိုင်ဆိုင်မှုများ ချိပ်ပိတ်သိမ်းဆည်းရာတွင် ရွှေ့ပြောင်းရနိုင်သည့် ပိုင်ဆိုင်မှုများကိုပါ အမြဲတစေနီးပါး သိမ်းဆည်းခြင်းများ လုပ်ဆောင်လေ့ရှိသည်။ ထို ရွှေ့ပြောင်းရနိုင်သည့် ပိုင်ဆိုင်မှုများတွင် ငွေကြေး၊ မော်တော်ယာဉ်၊ အဖိုးတန်ရတနာများ၊ ကိုယ်ပိုင်ပစ္စည်းဥစ္စာ၊ အိမ်တွင်းအသုံးအဆောင်ပစ္စည်း၊ မွေးမြူရေးတိရစ္ဆာန်၊ မီးစက်၊ ကွန်ပျူတာ အစရှိသဖြင့် ပါဝင်သည်။

**အိမ်နှင့် တိုက်ခန်း ၆၄၁ လုံး**

**ဆိုင်ပေါင်း ၄၂ ဆိုင်**

**စီးပွားရေးလုပ်ငန်း ၁၄ ခု**

**ခြံ ၁၄ ခြံ**

**အဆောက်အအုံနှင့် ရုံးခန်း ၁၂ ခု**

**ဆေးရုံနှင့် ဆေးခန်း ၁၀ ခု**

**စားသောက်ဆိုင် ၇ ဆိုင်**

**စာသင်ကျောင်း ၅ ကျောင်း**

**တည်းခိုခန်း၊ ဟိုတယ် ၄ လုံး**

**ဘာသာရေးအဆောက်အဦ ၂ ခု (ဘုရားရှိခိုးကျောင်း ၁ ခု၊ ဘုန်းကြီးကျောင်း ၁ ကျောင်း)**

အေအေပီပီက စုဆောင်းကောက်ယူထားသည့် စာရင်းများအရ စစ်အုပ်စုသည် ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူများကို ရက်ရက်စက်စက်ပစ်မှတ်ထား၍ ချိပ်ပိတ်သိမ်းဆည်းခြင်းဖြင့် ၎င်းတို့၏အိမ်ရာများနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ဆုံးရှုံးနစ်နာစေသည်ကိုတွေ့ရသည်။ အထူးသဖြင့် ၎င်းတို့၏ အိမ်၊ဆိုင်နှင့်/သို့မဟုတ် စီးပွားရေးလုပ်ငန်းများကိုစစ်အုပ်စုက ချိပ်ပိတ်သိမ်းဆည်းပြီးနောက် ၎င်းတို့အနေနှင့် အိမ်ခြေရာမဲ့ဖြစ်ပြီး ငွေရေးကြေးရေးအခက်အခဲများကြုံတွေ့နေရသည်ဟု နစ်နာသူများကပြောကြားကြသည်။ စစ်အုပ်စုသည် အချို့သော ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူများအပေါ် ချိပ်ပိတ်သိမ်းဆည်းမှုလုပ်ဆောင်ရာတွင် ၎င်းတို့ကို ဖမ်းဆီးမှုများပါ တပြိုင်နက်လုပ်ဆောင်ခြင်းရှိသကဲ့သို့ အချို့တက်ကြွလှုပ်ရှားသူများမှာ ပိုင်ဆိုင်မှုများချိပ်ပိတ်သိမ်းဆည်းခံရချိန်၌ ရှောင်တိမ်းထွက်ပြေးနေသူများလည်းပါဝင်သည်။ ထိုရှောင်တိမ်းထွက်ပြေးနေရသူများ အနေနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများ ချိပ်ပိတ်သိမ်းဆည်းခံရမှုကို ၎င်းတို့၏ မိသားစုဝင်များကသော်လည်းကောင်း၊ အိမ်နီးနားချင်းများကသော်လည်းကောင်း တဆင့်ခံသိရှိခဲ့ရခြင်းဖြစ်သည်။ အေအေပီပီအနေဖြင့် ယခုကဲ့သို့ အချက်အလက်စုဆောင်းကောက်ယူနေရခြင်းမှာ နွေဦးတော်လှန်ရေးအောင်မြင်ပြီးနောက် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုလုပ်ငန်းစဉ်အတွင်း စစ်အုပ်စုကြောင့် ထိခိုက်နစ်နာခဲ့ရသည့် ပစ္စည်းဥစ္စာပိုင်ရှင်များကို ပြန်လည်လျော်ကြေးပေးခြင်း လုပ်ဆောင်နိုင်ရန်အတွက် တစိတ်တဒေသ ပါဝင်သည်။

စစ်အုပ်စုက နေအိမ်နှင့် အဆောက်အဦကဲ့သို့သော ရွှေ့ပြောင်းမရနိုင်သည့် ပိုင်ဆိုင်မှုများကို ချိပ်ပိတ်သိမ်းဆည်းရာတွင် ဤထုတ် ပြန်ချက်၏ စာမျက်နှာ ၁ ပါ ပုံထဲကကဲ့သို့ ဤပိုင်ဆိုင်မှုကို ၎င်းတို့ချိပ်ပိတ်သိမ်းဆည်းကြောင်း မကြာခဏဆိုသလို ဆိုင်းဘုတ်နီချိတ် ဆွဲထားသည်ကို တွေ့နိုင်သည်။ ထိုဆိုင်းဘုတ်တွင် ပုံမှန်အားဖြင့် သိမ်းဆည်းခံရသည့် ပိုင်ဆိုင်မှုသည် "အကြမ်းဖက်အဖွဲ့အစည်းများ နှင့် ဆက်နွယ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချိပ်ပိတ်သိမ်းဆည်းကြောင်း" ရေးသားထားသည်။





Photos/Citizen Journalist via Radio Free Asia (left), Citizen Journalist (right)